ကိုယ်ရေးကိုယ်တာ အကာအကွယ်ပေးမှု အမိန့်တစ်ရပ် သို့မဟုတ် မိသားစု အကြမ်းဖက်မှု
အမိန့်တစ်ရပ် ACT တွင် လျှောက်ထားခြင်း
ဗီဒီယို စာသား

Applying for a Personal Protection Order or Family Violence Order in the ACT
Transcript of Video

Translation into 'Burmese'

This video will explain the process for applying for a personal protection order or family violence order in the ACT.
ကိုယ်ရေးကိုယ်တာ အကာအကွယ်ပေးမှု အမိန့်တစ်ရပ်ကို ဒါမှမဟုတ် မိသားစု အကြမ်းဖက်မှု အမိန့်တစ်ရပ်ကို ACT မှာ လျှောက်ထားဖို့အတွက် လုပ်ငန်းစဉ်ကို ဒီဗီဒီယိုမှာ ရှင်းပြမှာဖြစ်ပါတယ်။
If you are experiencing violence, you can apply to the ACT Magistrates Court, the ACT Magistrates Court, for a court order. A court order puts conditions on another person, like having to stay away from you or not contacting you.
တကယ်လို့ သင့်အနေနဲ့ အကြမ်းဖက်မှုကို ကြုံတွေ့နေရရင် ACT ရာဇဝတ်တရားရုံး (ACT Magistrates Court) မှာ တရားရုံးအမိန့်တစ်ခု ရဖို့ သင် လျှောက်ထားနိုင်ပါတယ်။ တရားရုံး အမိန့်ဟာ အခြားလူတစ်ယောက်အပေါ် သင်နှင့် ဝေးဝေးနေဖို့ ဒါမှမဟုတ် သင့်ကို မဆက်သွယ်ဖို့ ဆိုတဲ့ စည်းကမ်းချက်တွေကို ချမှတ်ပေးပါတယ်။
If you are granted an order and it is served by the police on the other party, any breach of the order can be reported to the police because it may be a criminal offence.
အမိန့်တစ်ရပ် သင့်ကို ခွင့်ပြုလိုက်ပြီး ရဲက အမိန့်ကို အခြားလူထံ ချအပ်ပေးလိုက်ရင် အဲ့ဒီအမိန့် ချိုးဖောက်မှုကို ရဲထံ သတင်းပို့နိုင်ပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ အဲ့ဒီချိုးဖောက်မှုဟာ ရာဇဝတ်ပြစ်မှု တစ်ခု ဖြစ်နိုင်လို့ပါဘဲ။
To apply, you need to fill in an application form and lodge it 'in person' at the ACT Magistrates Court.
လျှောက်ထားဖို့အတွက် သင့်အနေဖြင့် လျှောက်လွှာပုံစံတစ်စောင်ကို ဖြည့်စွက်ပြီး ACT ရာဇဝတ်တရားရုံးမှာ 'လူကိုယ်တိုင်' တင်သွင်းဖို့ လိုပါတယ်။
The forms are available from the Court enquiry counter or the ACT Magistrates Court website www.courts.act.gov.au/protection
လျှောက်လွှာပုံစံတွေကို တရားရုံး စုံစမ်းရေးကောင်တာမှာ ဒါမှမဟုတ် ACT ရာဇဝတ်တရားရုံး ဝက်ဘ်ဆိုက် www.courts.act.gov.au/protection မှာ ရရှိနိုင်ပါတယ်။
Assistance with the forms is available from the Domestic Violence Crisis Service, DVCS, or from Legal Aid, which both have offices within the Court building.
ပုံစံနှင့်ပတ်သက်တဲ့ အကူအညီကို အိမ်တွင်းအကြမ်းဖက် အကျပ်အတည်း ဝန်ဆောင်မှု (DVCS) ဒါမှမဟုတ် Legal Aid တွေက ရရှိနိုင်ပါတယ်၊ ဒီဌာန နှစ်ခုလုံးရဲ့ ရုံးခန်းတွေ တရားရုံး အဆောက်အဦးထဲ ရှိကြပါတယ်။
Telephone interpreters can also be made available for persons who do not speak English.
အင်္ဂလိပ်စကား မပြောတတ်တဲ့သူတွေအဖို့ တယ်လီဖုန်းကနေ စကားပြန်ပေးတဲ့ စကားပြန်တွေကိုလည်း ရရှိနိုင်ပါတယ်။
When coming to Court, you will be required to go through security and take a numbered ticket. Our counter staff will assist you when your number is called.
တရားရုံး လာရောက်တဲ့အခါမှာ သင် လုံခြုံရေးစစ်ဆေးတဲ့နေရာကို ဖြတ်သွားရပြီး နံပါတ်ပြား ယူဖို့လိုအပ်မှာ

ဖြစ်ပါတယ်။ သင့်နံပါတ်ပြားကို ခေါ်တဲ့အခါမှာ ကျွန်ုပ်တို့ရဲ့ ဝန်ထမ်းက သင့်ကို ကူညီပေးပါလိမ့်မယ်။
You can come to the Court alone or with family members, support persons or a lawyer. If you believe your matter is urgent, please advise the counter staff.
သင့်အနေနဲ့ တရားရုံးကို ကိုယ်တိုင်တစ်ယောက်တည်း လာနိုင်တယ် ဒါမှမဟုတ် မိသားစုဝင်၊ ကူညီပေးသူ ဒါမှမဟုတ် ရှေ့နေ တစ်ယောက်နဲ့အတူ လာနိုင်ပါတယ်။ သင့်ကိစ္စဟာ အရေးပေါ်ကိစ္စဖြစ်တယ်လို့ သင် ထင်မြင်ရင် ကောင်တာ ဝန်ထမ်းကို ကျေးဇူးပြုပြီး ပြောပြပါ။
The Court enquiry counter is open from 9am and it is advised you arrive early.
တရားရုံး စုံစမ်းရေးကောင်တာကို နံနက် ၉ နာရီကစပြီး ဖွင့်ပါတယ်၊ သင် ခပ်စောစော လာဖို့ အကြံပြုပါတယ်။
If you need immediate protection from violence, you can indicate on the application form that you want to apply for an interim order.
သင် အကြမ်းဖက်မှုမှ အကာအကွယ် ချက်ချင်း လိုအပ်ရင် သင် ကြားဖြတ်အမိန့် လျှောက်လိုကြောင်း လျှောက်လွှာမှာ ဖော်ပြပေးနိုင်ပါတယ်။
An interim order is a temporary order, put in place until a final decision can be made by the court.
ကြားဖြတ်အမိန့် တစ်ရပ်ဟာ တရားရုံးက အပြီးသတ် အမိန့်တစ်ရပ်ကို ချမှတ်နိုင်တဲ့ အချိန်အထိ ချမှတ်ထားတဲ့ ယာယီအမိန့်တစ်ရပ် ဖြစ်ပါတယ်။
If you apply for an interim order, a Deputy Registrar will listen to you in Court, and make a decision whether to grant an interim order or not.
သင် ကြားဖြတ်အမိန့် တစ်ရပ်ကို လျှောက်ရင် ဒုတိယ မော်ကွန်းထိန်းဟာ တရားရုံးမှာ သင့်ကို ကြားနာပြီးတော့ ကြားဖြတ်အမိန့် ချပေးဖို့ ရှိမရှိ ဆုံးဖြတ်ပါလိမ့်မယ်။
In Court, you will need to take an oath or affirmation that what you are saying is true. You will need to tell the court, what the other person did that made you fear for your safety (this is known as 'giving evidence').
တရားရုံးမှာ သင် ပြောတဲ့စကားတွေ အမှန်ဖြစ်ကြောင်း ကျမ်းကျိန်ဖို့ ဒါမှမဟုတ် အတည်ပြုကြေညာဖို့ လိုအပ်မှာဖြစ်ပါတယ်။ အခြားလူတစ်ယောက်က သင့်လုံခြုံရေးအတွက် သင် ကြောက်ရွံ့ဖို့ ဘာတွေလုပ်ခဲ့ကြောင်းကို သင် တရားရုံးကို ပြောပြဖို့လိုပါတယ် ('သက်သေထွက်ချက် ပေးတယ်' လို့ သိကြပါတယ်)။
The Deputy Registrar will ask you a series of questions about, why you are afraid, personal circumstances and living arrangements. A telephone interpreter is made available for persons who do not speak English.
ဒုတိယ မော်ကွန်းထိန်းဟာ သင့်ကို မေးခွန်း အများကြီး မေးပါလိမ့်မယ်၊ သင် ဘာဖြစ်လို့ ကြောက်ရွံ့ကြောင်း၊ သင့် ကိုယ်ရေးကိုယ်တာ အခြေအနေတွေအကြောင်း နဲ့ နေရေးထိုင်ရေး အစီအမံတွေအကြောင်း ဖြစ်ပါတယ်။ အင်္ဂလိပ်စကား မပြောတတ်တဲ့သူတွေအဖို့ တယ်လီဖုန်းကနေ စကားပြန်ပေးတဲ့ စကားပြန်တစ်ဦးကိုလည်း ရရှိနိုင်ပါတယ်။
The court only makes an interim order if there is an immediate need for it.
ကြားဖြတ်အမိန့်တစ်ရပ်ကို ချက်ချင်းလက်ငင်း လိုအပ်ချက်ရှိမှသာ တရားရုံးက ထုတ်ပေးပါလိမ့်မယ်။
If an interim order is granted, it will only take effect when the Police give a copy, or 'serve' the order' on the other party, who is known as the 'respondent'.
ကြားဖြတ်အမိန့်ကို ခွင့်ပြုလိုက်ရင် ရဲက အမိန့်ကို အခြားလူထံ ပေးလိုက်တဲ့အခါမှာသာ ဒါမှမဟုတ် 'ချအပ်' လိုက်တဲ့အခါမှသာ အာဏာသက်ရောက်မှု ရှိပါလိမ့်မယ်၊ အဲ့ဒီ အခြားလူကို 'လျှောက်ထားခံရသူ' လို့ သိကြပါတယ်။
If you wish to apply for an interim order, it is best you lodge your documents before 11.30 am

so you can be heard by a Deputy Registrar on the same day.
တကယ်လို့ သင် ကြားဖြတ်အမိန့်ကို လျှောက်ချင်ရင် နံနက် ၁၁.၃၀ နာရီ မတိုင်မီ လျှောက်ထားဖို့ အကောင်းဆုံးဖြစ်ပါတယ်၊ ဒါကြောင့် သင့်ကို ဒုတိယ မော်ကွန်းထိန်းက အဲ့ဒီနေ့မှာဘဲ ကြားနာနိုင်မှာဖြစ်ပါတယ်။
If your application is lodged after 11.30am, the court will decide if the circumstances are urgent enough for the interim order to be heard in court that day, or the next normal working day.
တကယ်လို့ သင့်လျှောက်လွှာကို နံနက် ၁၁.၃၀ နာရီ နောက်ပိုင်းမှ လျှောက်ရင် ကြားဖြတ်အမိန့်အတွက် လုံလောက်တဲ့ အရေးပေါ်အခြေအနေ ရှိမရှိ အဲ့ဒီနေ့မှာဘဲ ကြားနာပေးဖို့ ဒါမှမဟုတ် နောက်ထပ် ပုံမှန် အလုပ်လုပ်ရက်မှာ ကြားနာပေးဖို့ ဆုံးဖြတ်ပါလိမ့်မယ်။
If you are applying for an interim order, you will have to wait for your matter to be heard in court. The timeframe is dependent upon the number of applications and how long each takes to hear.
တကယ်လို့ သင် ကြားဖြတ်အမိန့်ကို လျှောက်နေရင် တရားရုံးမှာ သင့်ကိစ္စကို ကြားနာပေးဖို့ သင် စောင့်ဆိုင်းရပါလိမ့်မယ်။ အချိန်အတိုင်းအတာကတော့ လျှောက်လွှာ အရေအတွက်နဲ့ တစ်ခုချင်း ကြားနာဖို့ အချိန် ဘယ်လောက်ကြာမယ်ဆိုတာတွေ အပေါ် မူတည်ပါတယ်။
Please make sure you taken this into account when organising things like parking or childcare.
ကားရပ်နားဖို့ကိစ္စနဲ့ ကလေးထိန်းကိစ္စတွေ စီစဉ်တဲ့အခါမှာ ကျေးဇူးပြုပြီး ဒါတွေကို ထည့်သွင်းစဉ်းစားဖို့ သေချာအောင်လုပ်ပါ။
All applicants will be given a notice advising when you have to come back to court for a court conference.
လျှောက်ထားသူ အားလုံးကို တရားရုံး ပဏာမ ကြားနာမှုအတွက် ဘယ်နေ့ လာရမယ်ဆိုတဲ့ အကြောင်းကြားစာ ပေးပါလိမ့်မယ်။
The conference process is explained in the next video.
ပဏာမ ကြားနာမှု လုပ်ငန်းစဉ်အကြောင်းကို နောက်ထပ် ဗီဒီယိုမှာ ရှင်းပြထားပါတယ်။
Every situation is different, and what happens may not occur exactly as shown in the video.
အခြေအနေ အဖြစ်အပျက်တိုင်းဟာ ကွဲပြားခြားနားပါတယ်၊ ဘာတွေဖြစ်မယ်ဆိုတာကို ဗီဒီယိုမှာ ပြသထားတဲ့အတိုင်း အတိအကျ ဖြစ်နိုင်မှာတော့ မဟုတ်ပါဘူး။
If you are in a life threatening situation or immediate danger call 000.
တကယ်လို့ သင်ဟာ အသက်အန္တရာယ် ကျရောက်နေရင် ဒါမှမဟုတ် ချက်ချင်း အန္တရာယ်ရှိရင် ဖုန်း 000 ကိုဆက်ပါ။
There are also organisations which may be able to assist you.
သင့်ကို ကူညီပေးနိုင်တဲ့ အဖွဲ့အစည်းတွေလည်း ရှိပါတယ်။
For further information please visit the ACT Magistrates Court website or contact the Protection Unit in the Court Registry.
နောက်ထပ် အချက်အလက်တွေကို ACT ရာဇဝတ်တရားရုံး ဝက်ဘ်ဆိုက်မှာ ကြည့်ပါ ဒါမှမဟုတ် တရားရုံးမှတ်တမ်းဌာနမှာရှိတဲ့ အကာအကွယ်ပေးရေး ဌာနကို ဆက်သွယ်ပါ။